## နိဝင်ဘာလ (၉)ရက်နေ့
## လာတယ်ရင်းကျောင်းဗိမာန်တော် ဘိသိက်ခံပွဲ

ရှင်ယောဟန် ၂း ၁၃ - ၂၂

ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှာ “ယေရှုဘုရားရှင်က ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့။ ၎င်းကို သုံးရက်အတွင်း ငါပြန်လည်တည်ဆောက်မည်ဟု သူတို့အား ပြန်လည်ဖြေကြားတော်မူ၏။ ထိုအခါ ဂျူးလူမျိုးတို့က ဤဗိမာန်တော်ကို နှစ်ပေါင်း လေးဆယ်ခြောက်နှစ် တည်ဆောက်ခဲ့ကြရ၏။ သင်သည်ကား ၎င်းကို သုံးရက်အတွင်း တည်ဆောက်နိုင်မည်လောဟု ဆိုကြ၏။ သို့သော် ကိုယ်တော်သည် မိမိခန္ဓာကိုယ်တည်းဟူသော ဗိမာန်တော်ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်၏။ ထို့ကြောင့် ကိုယ်တော် ဤသို့မိန့်တော်မူခဲ့ကြောင်းကို သေခြင်းမှရှင်ပြန်ထမြောက်ပြီးသောအခါ တပည့်တော်တို့ သတိရကြသဖြင့် ကျမ်းစာတော်မြတ်ကိုလည်းကောင်း၊ ယေရှုမိန့်မြွက်တော်မူသော နှုတ်တော်ထွက် စကားကိုလည်းကောင်း ယုံကြည်ကြ၏။” ယေရှုဘုရား ဆိုလိုချင်တာကတော့ ရှေးတုံးကလို အုတ်နဲ့တည်ဆောက်ထားတဲ့ဗိမာန်တော် ဘုရားကျောင်းလို မဟုတ်တော့ပဲ ယေရှုဘုရားရှင်ကိုယ်တော်တိုင်က ဗိမာန်တော်ဖြစ်တယ်၊ ဗိမာန်တော်/ ဘုရားကျောင်းဆိုတဲ့နေရာက ဘုရားနဲ့ လူ ဆုံတွေ့ရာ အထူးသီးသန့်နေရာ ဖြစ်သလို ယေရှုဘုရားရှင်ဟာလည်း ဘုရားနဲ့လူ ဆုံတွေ့ရာ ဖြစ်တော်မူပါတယ်။ ဘုရားကျောင်းနေရာက လူတွေကို ကျေးဇူးတော်ပေးတဲ့နေရာ ဖြစ်သလို ယေရှုဘုရားရှင်ကလည်း လူတွေကို ကျေးဇူးတော်ပေးတဲ့ပုဂ္ဂိုလ်တော်မြတ် ဖြစ်တော်မူပါတယ်။ ကျေးဇူးတော်ပေးတဲ့နေရာဖြစ်လို့ ဟေဗြဲဦးသြဝါဒစာ ၄း၁၆ မှာ “ထို့ကြောင့် ငါတို့သည် အကူအညီလိုအပ်ချိန်၌ ကရုဏာတော်နှင့် ကျေးဇူးတော်ကို ခံစားရမည့်အကြောင်း ကျေးဇူးတော်ပလ္လင်သို့ ယုံကြည်အားကိုးစိတ်နှင့် ချဉ်းကပ်ကြကုန်စို့။”

ဟိုရှေးအရင် သခင်ယေရှုခေတ်တုံးက ဂျူးလူမျိုးတွေက ယေရုဆလင်မြို့က ဗိမာန်တော်မှ ဗိမာန်တော်ပဲ။ တခြားနေရာမှာ ဘုရားမရှိတော့တဲ့အတိုင်းပဲ။ အဲဒီဗိမာန်တော်ဆီကိုပဲ မဖြစ်ဖြစ်အောင် အရောက်သွားပြီး ဘုရားကို ကိုးကွယ်ကြတယ်၊ ဆုတောင်းကြတယ်။ ဒါပေမဲ့ အဲ့လို တယူသန်စိတ်နဲ့ ဗိမာန်တော်ဆီကို လာလာနေကြပေမဲ့ အေဒီ (၇၀)မှာတော့ ရောမလူမျိုးတွေက ဗိမာန်တော်ကြီးကို အပြီးအပိုင် ဖျက်ဆီးပစ်လိုက်ပါတယ်။ အဲဒီနောက်ပိုင်း ဂျူးလူမျိုးတွေ ဗိမာန်တော်ဟာ မရှိတော့ပါဘူး။ ဒါပေမဲ့ ယေရှုဘုရားရှင်က ဆာမာရီတန်အမျိုးသမီးကို မိန့်တော်မူသလို ဘုရားကို ကိုးကွယ်ရာမှာ ဗိမာန်တော်ဆိုတဲ့နေရာထိုင်ခင်းထက် ကိုယ့်စိတ်ဝိညာဉ်အားဖြင့် ဘုရားကို ကိုးကွယ်ရတယ် တဲ့။ “ ယေရှုက အချင်းအမျိုးသမီး ငါ့ကို ယုံကြည်လော့။ ခမည်းတော်ကို ဤတောင်ပေါ်၌လည်း မဟုတ်၊ ဂျေရုဆလင်မြို့၌လည်း မဟုတ်ဘဲ သင်တို့ ကိုးကွယ်ဝတ်ပြုရမည့်အချိန်ကာလ ရောက်လာလိမ့်မည်။ ဟုတ်မှန်စွာ ကိုးကွယ်သူတို့သည် ခမည်းတော်ကို

ဝိညာဉ်အားဖြင့်လည်းကောင်း၊ သမ္မာတရားအားဖြင့်လည်းကောင်း ကိုးကွယ်ဝတ်ပြုရမည့်အချိန်ကာလ ယခုပင် ရောက်လာလေပြီ။" (ယောဟန် ၄း၂၃)

အခုလို အမြင်နှစ်မျိုး ဖတ်ရပါတယ်။ ပထမအမြင်က ဗိမာန်တော်က လိုအပ်တယ်။ ဘုရားနဲ့ ဆုံတွေ့ရတဲ့နေရာ ဖြစ်လို့ တဲ့။ ဒုတိယအမြင်က ဗိမာန်တော်ဆိုတဲ့ နေရာထိုင်ခင်း မလိုအပ်ပါဘူး။ ဘုရားက ဝိညာဉ်တော်ဖြစ်လို့ နေရာတိုင်းမှာ ကိုးကွယ်လို့ ရနေတာပဲ တဲ့။ ဒါကြောင့် အခု ဗိမာန်တော်ဆိုတဲ့ဘုရားကျောင်း လိုအပ်သလား/မလိုအပ်တော့ဘူးလား။ ဘုရားကျောင်းတက်စရာ လိုသေးသလား (ဘုရားက နေရာတကာရှိတယ်ဆိုတော့) ။

ကိုဗစ်ကာလတုံးက လူတွေ တစ်ယောက်နဲ့ တစ်ယောက် အနည်းဆုံး ၆ ပေအကွာ Social distance နေရပါတယ်။ အဲဒီအခါ ဘုရားကျောင်းမှာ စုရုံးဝတ်ပြုဖို့ ဆိုတာ မလွယ်ကူပါဘူး။ အဲဒီအခါ မိသားစုနဲ့ပဲ ကိုးကွယ်ရတယ်၊ တစ်ယောက်တည်း ကိုးကွယ်ရတယ်။ Online မစ္ဆားတရားတွေနဲ့ပဲ ပါဝင်ရတယ်။ တစ်ချို့လည်း အဲဒီနည်းနဲ့ ဝတ်ပြုကိုးကွယ်ခြင်းမှာ ပါဝင်ရတာကို ပိုကြိုက်ကြတယ်၊ ဘာလို့လည်းဆိုတော့ ဘုရားကျောင်းအထိ လာစရာမလိုတော့ပဲ အိမ်မှာ ဇိမ်ကျကျ ဝတ်ပြုနိုင်လို့တဲ့လေ။ ဝတ်ပြုကိုးကွယ်ခြင်းကို အဲ့ဒီလိုပဲ မြင်နေရင် ကိုယ့်မင်းကိုယ်ချင်းပဲ ကိုယ့်ဖါသာကို ကိုးကွယ်နေတော့မယ်၊ သူတစ်ပါးနဲ့ ပတ်သက်စရာမရှိတော့ဘူးဆိုတဲ့ အတွေးအခေါ်က မှားပါတယ်။ ခရစ်ယာန်ဘာသာရေးနဲ့ ဆန့်ကျင်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခရစ်ယာန်ဘာသာက သူတစ်ပါးနဲ့ မပတ်သက်လို့ကို မရပါဘူး။ ဖျားနာတဲ့လူကို ကြည့်ရှုရမယ်။ ဆင်းရဲတဲ့လူကို ထောက်ပံ့ကူညီရမယ်။ လမ်းမှားနေတဲ့လူကို ပြင်ပေးရပါမယ်။ လမ်းညွှန်ပေးရမယ်။

ယခုခေတ်က ကိုယ့်မင်းကိုယ်ချင်း/ ကိုယ့်တစ်ကိုယ်ရေတစ်ကာယပဲ ကိုးကွယ်ချင်ကြတာ။ ဘေးပတ်ဝန်းကျင်ရှိလူတွေ ဘာဖြစ်ဖြစ်၊ ဘယ်လိုဒုက္ခရောက်ရောက် ကိုယ်က မပတ်သက်ချင်ဘူး။ ဘယ်သူ ပျက်စီးစီး၊ ဘယ်သူ ငရဲရောက်ရောက် နေပါလေးစေဆိုတဲ့ တစ်ကိုယ်ကောင်းစိတ် ရှိကြတယ်။ မလွဲမရှောင်သာ ဘုရားကျောင်းထဲမှာ လာရင်တောင်မှ သူတစ်ပါးနဲ့ ခုံတန်းလျားတစ်ခုတည်းမှာ အတူတူ မထိုင်ချင်ဘူး။ ကိုယ့်မိသားစုနဲ့ကိုယ်ပဲ ထိုင်ချင်ကြတာလေ။ အဲလိုနည်းအားဖြင့် ကိုယ်ကိုးကွယ်နေတဲ့ဘုရားကို ကိုယ့်လိုရာစွဲပြီး ဘုရားကို ကိုယ့်ပုံစံ သွင်းနေကြတယ်။ ကိုယ်က ဘုရားပုံစံ လိုက်ရမည့်အစား ဘုရားကို ကိုယ့်ပုံစံဖြစ်အောင်/ကိုယ့်အကြိုက်ဖြစ်အောင် ပုံသွင်းနေကြတယ်။ ကိုယ်ပိုင်ဘုရား လုပ်ချင်နေကြတယ်၊ မိသားစုပိုင်ဘုရား လုပ်ချင်နေကြတယ်။ ဆိုလိုတာက ဘုရားမိန့်တော်မူတာကို ငါက လိုက်စရာမလိုဘူး၊ ငါ ပြောတာကိုသာ ဘုရားက လိုက်ရမှာဆိုတဲ့ အတွေးအခေါ် ဝင်နေကြတယ်။ "ငါတို့ အရေးကြုံရင် ဒီဘုရားထံမှာ ခိုလှုံလို့ရအောင် အခုလို ဘုရားကိုကပ်ထားရမယ်"။ ဘုရားကို လိုရင် အသုံးကျအောင် ကိုးကွယ်ထားကြတဲ့သဘောပါ။ အတိုချုပ်ပြောရရင် ဒါ ဘုရားကို ကိုးကွယ်နေတာမဟုတ်တော့ဘူး သူတို့ကိုသူတို့ ကိုးကွယ်နေကြတာပဲ။

ဒါကြောင့် ယေရှုဘုရားရှင်က စိတ်နှလုံးသားပါပါ ကိုးကွယ်ရမယ်/ ကိုယ့်ဝိညာဉ်နဲ့ ကိုးကွယ်ရမယ်လို့ မိန့်ကြားတာပေါ့။ စိတ်နှလုံးသားပါပါ ဆိုတာက ချစ်တဲ့စိတ်နှလုံးသားကို ပြောတာပါ။ လူဟာ တစ်ဦးတစ်ယောက်တည်း/ တစ်ကိုယ်ရေတစ်ကာယ နေလို့ မဖြစ်တဲ့သတ္တဝါပါပဲ။ အပေါင်းနဲ့အသင်းနဲ့ နေရတာပါ။ အဲလို အသိုင်းအဝိုင်းနဲ့နေမှ ကိုယ့်ကို ခွန်အားပေးတဲ့လူ ရှိမယ်။

အကြံဉာဏ်ပေးတဲ့လူ ရှိနိုင်မှာပါ။ ဒါကြောင့် အသင်းတော်ဆိုတာ ချစ်ခြင်းနဲ့ ပေါင်းစည်းထားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ပါပဲ။ စည်းလုံးညီညွှတ်တဲ့ လက္ခဏာပါပဲ။ ခရစ်ယာန်တွေ အတူတကွ စုရုံးကြမှသာ အသင်းတော်ဆိုတာ မြင်သာလာပါတယ်။ ဒါကြောင့် ယေဇူးဘုရားရှင်က "အကြောင်းမူကား လူနှစ်ဦး သို့မဟုတ် သုံးဦးတို့သည် ငါ၏နာမ၌ စုဝေးကြလျှင် ထိုအရပ်၌ သူတို့အလယ်တွင် ငါရှိသည်ဟု မိန့်တော်မူ၏။" (မာတေဦး ၁၈း၂၀) ဒါကြောင့် ယေဇူးဘုရားရှင်က နေရာတကာ တည်ရှိပေမဲ့ လူတွေ ဘုရားဝတ်ပြုဖို့ သီးသန့်စုဝေးကြတဲ့ဘုရားကျောင်းမှာ အထူးတလည် တည်ရှိတော်မူပါတယ်။

ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းမှာ ရှင်ပေါလုးက "သင်တို့ရဲ့ ကိုယ်ခန္ဓာက ဘုရားသခင် ကျိန်းဝပ်တော်မူတဲ့ ဗိမာန်တော်တွေဖြစ်တယ်ဆိုတာ သတိမပြုမိဘူးလား" တဲ့ ။ သင့်ရဲ့ကိုယ်ခန္ဓာက သင့်ဟာ မဟုတ်ဘူး၊ သင့်အတွက် ယေဇူးဘုရားရှင်က အသွေးတော်သွန်းလောင်းပြီး ဝယ်ပေးထားတာ တဲ့။ ဒါကြောင့် တန်ဖိုးရှိရှိ အသုံးချရမယ်။ ဂုဏ်သိက္ခာရှိရှိ/ လူပီသစွာ နေရမယ် တဲ့။

တစ်ဦးတစ်ယောက်တည်း ကိုးကွယ်ဝတ်ပြုနိုင်သလို အသိုင်းအဝိုင်းနဲ့လည်း ကိုးကွယ်ဝတ်ပြုတာကို ဘုရားအလိုတော်ရှိပါတယ်။ ဒီလို အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်း/အသင်းတော်နဲ့ နေဖို့က ခရစ်ယာန်တွေရဲ့ တာဝန်ပါပဲ။ လူအများနဲ့ ပေါင်းစည်းနေထိုင်မှ တစ်ဦးကိုတစ်ဦး ချစ်နိုင်မယ်၊ ကူညီနိုင်မယ်။ ခွန်အားပေးနိုင်မယ်။ အဲလို ချစ်ခြင်းမေတ္တာနဲ့ နေနိုင်ဖို့က ဒီလူ့အဖွဲ့အစည်းမှာ ယေဇူးဘုရားရှင်က ထောင့်ချုပ်ကျောက် ဖြစ်မှ ရမှာပါ။ လူစုလူဝေးဖြစ်တဲ့ အသင်းတော်ကြီး ခိုင်မြဲဖို့ ၊ ရပ်တည်နိုင်ဖို့၊ မေတ္တာထားနိုင်ကြဖို့ ယေဇူးဘုရားရှင်ဆိုတဲ့ ထောင့်ချုပ်ကျောက်အပေါ်မှာ မိမိတို့ရဲ့ဘဝအသက်တာကို ဆောက်တည်ကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။